# ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့နှင့် ဖန်တီးအိမ် အဖွဲ့

## မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း
## ကနဦးအစီရင်ခံစာ (စက်တင်ဘာလ ၃ ရက်မှ အောက်တိုဘာလ ၇ ရက်)

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၇၊ ရန်ကုန်

**အစီရင်ခံစာအကျဉ်း**

စက်တင်ဘာ ၃ ရက်မှစ၍ ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ် အဖွဲ့တို့မှ ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦး ကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် ဒေသများရှိ မဲဆွယ်စည်းရုံးရေးပတ်ဝန်းကျင်၏ အနေအထားများကို စောင့်ကြည့်လေ့လာစေခဲ့ပါသည်။ မဲဆွယ်စည်းရုံးရေးကာလ သီတင်း ၅ ပတ် အတွင်း PACE နှင့် ဖန်တီးအိမ်အဖွဲ့ တို့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာခဲ့သည့် စုဝေးဟောပြောမှုများနှင့် တွေ့ဆုံမေးမြန်းမှုများအရ စောင့်ကြည့်လေ့လာနေစဉ်ကာလအတွင်း ကိုယ်စားလှယ်လောင်းတစ်ဦးဦးက အခြားကိုယ်စားလှယ်လောင်း နှင့် ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးအပေါ် အပုပ်ချပြောဆို မှု၊ အုံကြွအောင်ပြုလုပ်မှုများမရှိသော်လည်း လူမျိုးမတူမှုအပေါ်အခြေခံ၍ လှုံ့ဆော်ပြောဆိုမှု အနည်း ငယ် (၆ ခု) ရှိသည်ကိုတွေ့ရပါသည်။

ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် မေးမြန်းရာတွင် တရားဝင်တိုင်ကြားမှု ၃ ခုရှိသည်ကို တွေ့ရပါသည်။ တိုင်ကြားမှု ပြုလုပ်ခဲ့ရသည့် အကြောင်းအရင်းများမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတို့၏ မဲဆွယ်စည်းရုံးရေးပစ္စည်းများ ဖျက်ဆီးခံရမှုများ၊ NLD ပါတီ၏ မဲဆွယ် စည်းရုံးရေးတွင် နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ရုပ်ပုံများကို အသုံးပြုသည်ဟူသောစွပ်စွဲချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက ကိုယ်စားလှယ်လောင်း တစ်ဦးကို ပုဂ္ဂိုလ်ရေးအရ အပုပ်ချပြောဆိုမှုနှင့် နိုင်ငံပိုင်အရင်းအမြစ် များကို မဲဆွယ်စည်းရုံးရာတွင် သုံးစွဲခြင်း စသည်တို့ဖြစ်သည်။

မဲဆွယ်စည်းရုံးမှုပြုလုပ်ရာတွင် ကိုယ်စားလှယ်လောင်းများက အဓိကအားဖြင့် လက်ကမ်းစာစောင်များဝေငှခြင်း (၆၉%)၊ လူထုဟောပြောပွဲများ (၆၀%) နှင့် ပိုစတာများ ချိတ်ဆွဲခြင်း (၄၆ %) နည်းလမ်း များကို အသုံးပြုကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ကိုယ်စားလှယ်လောင်း ၄၃ ဦးတွင် အများစု ၃၃ ဦး က မဲဆွယ်စည်းရုံးရေး တာဝန်ခံများခန့်ထားသည်ဟုဖြေဆိုပြီး ခန့်ထားသူအားလုံးနီးပါးမှာ အမျိုးသားများသာဖြစ်ကြပြီး အမျိုးသမီးတာဝန်ခံမှာ ၂ ဦးသာ ရှိသည်ကိုတွေ့ရပါသည်။ စုဝေးဟောပြောမှုများကို များသောအားဖြင့် ပန်းခြံ၊ ဈေးစသည့် အများနှင့် ဆိုင်သည့်နေရာများနှင့် ကိုယ်ပိုင်ရုံးခန်း/နေအိမ်များတွင် အများဆုံးပြုလုပ်လေ့ရှိပြီး ဘာသာရေးနှင့် သက်ဆိုင်သည့်နေရာများတွင်လည်း စုဝေးဟောပြောမှုရှိသည်ကို အနည်းငယ်တွေ့ ရှိရပါသည်။ အမျိုးသမီးများပါဝင်မှုကို မြှင့်တင်နိုင်ရန်အတွက် အဓိကထားသည့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကိုလည်း စောင့်ကြည့်လေ့လာခဲ့သော မြို့နယ် ၁၂ ခု အနက် ၄ မြို့နယ် ၌သာတွေ့ရှိရပါသည်။

PACEနှင့် ဖန်တီးအိမ် အဖွဲ့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများသည် နိုဝင်ဘာလ ၂ ရက် အထိ ကျန်ရှိနေသည့် မဲဆွယ်စည်းရုံးရေး ကာလကို စောင့်ကြည့်လေ့လာမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

## တွေ့ရှိချက်အသေးစိတ်များ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက် (စနေနေ့) တွင် ကျင်းပရန် ရည်ရွယ်ထားသည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးရေးကာလ အတွင်း ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ၊ တရားဝင်တိုင်တန်းမှုများ နှင့် မဲဆွယ်စည်းရုံးမှုပြုလုပ်ရာတွင် ကျင့်ဝတ်များနှင့် အညီ ဆောင်ရွက်မှု ရှိ/မရှိ ကိုသိရှိလေ့လာနိုင်ရန်အတွက် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို မဲဆန္ဒနယ် ၁၂[1] ခု သို့ စက်တင်ဘာလ ၃ ရက်မှ စတင်စေလွှတ်စောင့်ကြည့်စေခဲ့ပါသည်။ ယခုကနဦးအစီရင်ခံစာမှာ သီတင်းပတ် ၅ ပတ်အတွင်း ပြုလုပ်ခဲ့သည့် စောင့်ကြည့် လေ့လာမှုများ၏ တွေ့ရှိချက်များဖြစ်ပြီး စောင့်ကြည့်လေ့လာမှုများကို နိုဝင်ဘာလ ၂ ရက်အထိ ပြုလုပ်သွားမည် ဖြစ်ပါသည်။

ယခုတွေ့ရှိချက်များသည် အောက်တိုဘာလ ၇ ရက် အထိ ကာလရှည်စောင့်ကြည့်လေ့လာသူများက ပြုလုပ်ခဲ့သည့် ကောင်မရှင်အဖွဲ့ခွဲများအား အပတ်စဉ် တွေ့ဆုံမေးမြန်းမှုပေါင်း ၆၀ အပါအဝင် ရွေးချယ်ခံကိုယ်စားလှယ်လောင်းများ သို့မဟုတ် ၎င်းတို့၏ တရားဝင် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းများကို အပတ်စဉ်တွေ့ဆုံမေးမြန်းမှု ၂၁၄ ခုမှ ကိုယ်စား လှယ်လောင်းတစ်ဦးချင်းစီ၏ သဘောထားအမြင်များနှင့် စောင့်ကြည့်လေ့လာမှု ပြုလုပ်ခဲ့သည့် စုဝေးဟောပြောမှုပေါင်း ၁၅၀ မှ တွေ့ရှိချက်များပင်ဖြစ်သည်။ ယခုအချက်အလက်များတွင် ပါတီဌာနချုပ်၏ အမြင်နှင့်လှုပ်ရှားမှုများ၊ ပါတီ ထောက်ခံသူ (သို့) ပါတီဝင် မဟုတ်သူများ၏ အမြင်များကို ထည့်သွင်းထားခြင်းမရှိပါ။ ထို့အပြင် တရားဝင်မဲဆွယ်စည်းရုံးရေးကာလ မတိုင်မီကပါတီ (သို့) ကိုယ်စား လှယ်လောင်းက ပြုလုပ်ခဲ့သော လှုပ်ရှားမှုများကိုလည်း ထည့်သွင်းထားခြင်း မရှိပါ။

## ကိုယ်စားလှယ်လောင်းများ၏ မဲဆန္ဒနယ်၊ တိုင်းဒေသကြီး/ပြည်နယ် နှင့် အမျိုးသမီးဆိုင်ရာမူဝါဒလုပ်ငန်းစဉ်များ

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ဦးစားပေး မူဝါဒ လုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု၊ တိုင်းဒေသကြီး/ပြည်နယ် (သို့) တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ် ၃ ခု နှင့် အမျိုးသမီးများ၏ လူမှုဘဝ၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာမူဝါဒလုပ်ငန်းစဉ် ၃ ခု ကိုမေးမြန်းခဲ့ရာ ဖြေဆိုသူကိုယ်စားလှယ်လောင်း ၄၃ ဦး၏ ဖြေဆိုမှုများအရ ဦးစားပေး လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းတွေ့ရှိရသည်။ ကာလရှည်စောင့်ကြည့်လေ့လာသူများသည် အချက်အလက်များကို ပါတီအမျိုးအစား လေးမျိုး USDP၊ NLD၊ မဲဆန္ဒနယ်အတွင်းအခြားပါတီကြီး နှင့် ပါတီငယ် သို့မဟုတ် တစ်သီးပုဂ္ဂလ စသည်ဖြင့်ခွဲခြား၍ စုဆောင်းခဲ့ပါသည်။ မဲဆန္ဒနယ် အတွင်း အခြားပါတီကြီး အမျိုးအစားတွင် ကချင်ဒီမိုကရက်တစ်ပါတီ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ (NUP)၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရခိုင်အမျိုးသားပါတီ (ANP)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (NUD) နှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) တို့ပါဝင်ပါသည်။

## မဲဆန္ဒနယ်အတွက် ဦးစားပေး မူဝါဒလုပ်ငန်းစဉ်များ

ကိုယ်စားလှယ်လောင်းအသီးသီးအား ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု ကိုမေးမြန်းခဲ့ရာတွင် ပါတီအမျိုးအစားလေးမျိုးလုံးတွင် လယ်သမားအရေးကို ဦးစားပေး မူဝါဒလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကြသည်။ ဇယား (၁) တွင် ပါတီအမျိုးအစား အလိုက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များကို အသေးစိတ်လေ့လာနိုင်ပါသည်။

[1] လစ်လပ်မဲဆန္ဒနယ် ၁၃ ခုအနက် မန္တလေးတိုင်းဒေသကြီးရှိ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်ကို စောင့်ကြည့်လေ့လာမှုမပြုလုပ်ပါ။

| USDP | NLD | အခြားပါတီကြီး | ပါတီငယ်/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| • လယ်သမားအရေး<br>• ဒေသဖွံ့ဖြိုးရေး<br>• ဒေသပြဿနာ/ အခက်အခဲများ ဖြေရှင်းရေး<br>• စားဝတ်နေရေး<br>• တရားဥပဒေစိုးမိုးရေး<br>• လုံခြုံရေးနှင့် နယ်မြေအေးချမ်းရေး<br>• ပညာရေး | • အလုပ်သမားအရေး<br>• လယ်သမားအရေး<br>• ဒေသပြဿနာ/ အခက်အခဲများ ဖြေရှင်းရေး<br>• စားဝတ်နေရေး<br>• စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး<br>• တရားဥပဒေစိုးမိုးရေး<br>• ငြိမ်းချမ်းရေး<br>• ပညာရေး<br>• ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး<br>• အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး | • အလုပ်သမားအရေး<br>• လယ်သမားအရေး<br>• စားဝတ်နေရေး<br>• ဒေသ သယံဇာတ စီးပွားရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာမူဝါဒ<br>• စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး<br>• ငြိမ်းချမ်းရေး<br>• ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး<br>• ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး<br>• မူးယစ်ဆေးဝါးတိုက်ဖျက်ရေး<br>• အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး<br>• အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး | • အလုပ်သမားအရေး<br>• လယ်သမားအရေး<br>• ဒေသဖွံ့ဖြိုးရေး<br>• စားဝတ်နေရေး<br>• ငြိမ်းချမ်းရေး<br>• ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး<br>• အမျိုးသားပြန်လည် သင့်မြတ်ရေး |

ဇယား (၁) မဲဆန္ဒနယ်အတွက် ဦးစားပေး မူဝါဒလုပ်ငန်းစဉ်များ

**ပြည်နယ်/တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ**

ဆက်လက်၍ ရွေးချယ်ခံကိုယ်စားလှယ်လောင်းအသီးသီးအား ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီး နှင့် တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒ လုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု ကိုမေးမြန်းခဲ့ရာတွင် ပါတီအမျိုးအစားလေးမျိုးလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးမူဝါဒလုပ်ငန်းစဉ်အဖြစ်သတ်မှတ်ကြသည်။ ဇယား (၂) တွင် ပါတီအမျိုးအစားအလိုက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များကို အသေးစိတ် လေ့လာ နိုင်ပါသည်။

| USDP | NLD | အခြားပါတီကြီး | ပါတီငယ်/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| • စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး<br>• တရားဥပဒေစိုးမိုးရေး<br>• လုံခြုံရေးနှင့် နယ်မြေ အေးချမ်းရေး<br>• ပညာရေး<br>• အမျိုးဘာသာ သာသနာအရေး<br>• အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး | • အလုပ်သမားအရေး<br>• ဒေသပြဿနာ/ အခက်အခဲများ ဖြေရှင်းရေး<br>• စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး<br>• တရားဥပဒေစိုးမိုးရေး<br>• ငြိမ်းချမ်းရေး<br>• ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး | • အလုပ်သမားအရေး<br>• လယ်သမားအရေး<br>• တရားဥပဒေစိုးမိုးရေး<br>• ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး<br>• အမျိုးသားပြန်လည်သင့်မြတ်ရေး<br>• ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး<br>• ဌာနဆိုင်ရာ ယန္တရားများပြုပြင် ပြောင်းလဲရေး | • ဒေသပြဿနာ/ အခက်အခဲများ ဖြေရှင်းရေး<br>• စားဝတ်နေရေး<br>• ငြိမ်းချမ်းရေး<br>• ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး<br>• အမျိုးဘာသာ သာသနာအရေး<br>• အမျိုးသမီးများ တန်းတူ အခွင့်အရေးရရှိရေး |

ဇယား(၂) ပြည်နယ်/တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ

**အမျိုးသမီးဆိုင်ရာ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ**

ထို့အပြင်ကိုယ်စားလှယ်လောင်းအသီးသီးအား ၎င်းတို့၏ အမျိုးသမီးဆိုင်ရာ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခုကို မေးမြန်းခဲ့ရာတွင် ပါတီအမျိုးအစားလေးမျိုးလုံးက အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေးနှင့် အမျိုးသမီးနှင့် ကလေးများ လုံခြုံရေးတို့ကို အများဆုံး ဦးစားပေးမူဝါဒလုပ်ငန်းစဉ်အဖြစ်သတ်မှတ်ကြသည်။ ဇယား (၃) တွင်ပါတီအမျိုးအစားအလိုက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များကို အသေးစိတ် လေ့လာနိုင်ပါသည်။

| USDP | NLD | အခြားပါတီကြီး | ပါတီငယ်/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| • အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး<br>• အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး<br>• အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး<br>• အမျိုးသမီးပါဝင်မှု မြှင့်တင်ရေး | • ပညာရေး<br>• အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး<br>• အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေး<br>• အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး<br>• အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး | • အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေး<br>• အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး<br>• အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး<br>• အမျိုးသမီးပါဝင်မှု မြှင့်တင်ရေး<br>• အပစ်ပယ်ခံအမျိုးသမီးများ ဘဝ တိုးတက်ရေး | • အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေး<br>• အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး<br>• အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး<br>• အပစ်ပယ်ခံအမျိုးသမီးများဘဝ တိုးတက်ရေး |

ဇယား (၃) အမျိုးသမီးဆိုင်ရာ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ

**မဲဆွယ်စည်းရုံးမှုဆိုင်ရာ လှုပ်ရှားမှုများ**

**မဲဆွယ်စည်းရုံးရေးတွင် ကိုယ်စားလှယ်လောင်းများက အသုံးပြုသည့် လူအင်အား**

မဲဆွယ်စည်းရုံးရေးတွင် လုပ်အားပေးလူအင်အားအသုံးပြုမှုနှင့် ပတ်သက်၍ PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ ကာလရှည် စောင့်ကြည့် လေ့လာသူများက လစ်လပ်မဲဆန္ဒနယ် ၁၂ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ၊ အခြားပါတီကြီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၄၃ ဦး ကို ရက်သတ္တပတ် ၅ ပတ်တွင်း ၂၁၄ ကြိမ်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

မဲဆန္ဒနယ်များတွင် စောင့်ကြည့်လေ့လာသူအသီးသီးသည် အပတ်စဉ်တိုင်း၌ တူညီသောအခြားပါတီကြီးနှင့် ပါတီငယ် သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။

- ဖြေဆိုသူကိုယ်စားလှယ်လောင်း ၄၃ ဦးအနက် ၃၃ ဦး (၇၇%) က မဲဆွယ်စည်းရုံးရေးအတွက် တာဝန်ခံ ခန့်အပ်ထားပါသည်ဟု ဖြေဆိုပြီး ၉ ဦး (၂၁%) က ခန့်အပ်ထားခြင်းမရှိဟုဖြေဆိုပါသည်။ ၁ ဦးကသာ ဖြေဆိုရန်ငြင်းဆန်ပါသည်။
- ခန့်အပ်ထားသည့် မဲဆွယ်စည်းရုံးရေးတာဝန်ခံများအနက် ၃၁ ဦး (၉၄%) မှာ အမျိုးသားများဖြစ်ပြီး ၂ ဦး (၆%) ကသာ အမျိုးသမီး ဖြစ်သည်ကို တွေ့ရပါသည်။
- မဲဆွယ်စည်းရုံးရေးတွင် အသုံးပြုခဲ့သည့် လုပ်အားပေးအရေအတွက်နှင့် ပတ်သက်၍ ကိုယ်စားလှယ်လောင်းများအသုံးပြုခဲ့သည့် အပတ်စဉ် လူအင်အားသုံးစွဲမှုမှာ USDP နှင့် NLD တို့က အခြားပါတီကြီးနှင့် ပါတီငယ်/တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများထက် ပိုမိုများပြားပါသည်။ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများတွင် အပတ်စဉ်လုပ်အားပေးများကို အသုံးမပြုသည့် ကိုယ်စားလှယ်လောင်းများလည်း ပါတီအမျိုး အစား ၄ မျိုးလုံး တွင်တွေ့ရှိရသည် (ပုံ - ၁ နှင့် ပုံ - ၂)။




ပုံ-၁။ လုပ်အားပေးဝန်ထမ်းအသုံးပြုသည့်ကိုယ်စားလှယ်လောင်းအရေအတွက်




ပုံ -၂။ မဲဆွယ်စည်းရုံးရေးတွင်အသုံးပြုခဲ့သော စေတနာ့ဝန်ထမ်းအရေအတွက်

**မဲဆွယ်စည်းရုံးရေး နည်းနာများ**

အပတ်စဉ်တိုင်း၌ ကာလရှည်စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်း ၄၃ ဦးကို ပြီးခဲ့သောသီတင်းပတ်အတွင်း အသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးနည်းလမ်းများကိုမေးမြန်းခဲ့သည်။ အောက်ပါအချက်အလက်များသည် သီတင်းပတ် ၅ ပတ် အတွင်း ကိုယ်စားလှယ်လောင်းများအသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာနည်းနာများကို ခွဲခြားစိတ်ဖြာတွေ့ရှိချက်များဖြစ်ပါသည်။ ထိုအချက်အလက်များတွင် ပါတီဌာနချုပ်မှ ခေါင်းဆောင်များ၏ သီးခြားလှုပ်ရှားမှုများနှင့် ပါတီထောက်ခံသူများမှ ကမကထပြုလုပ်သည့် လှုပ်ရှားမှုများ မပါဝင်ပါ။

- ကိုယ်စားလှယ်လောင်းများ အများဆုံးအသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးနည်းလမ်းမှာ လက်ကမ်းစာစောင်များဝေငှခြင်း (၆၇%) ဟုဖြေဆိုပြီး လူထုဟောပြောပွဲများ (၆၀%) နှင့် ပိုစတာများချိတ်ဆွဲခြင်း (၄၆%) စသည့်ပုံစံများမှာလည်း အသုံးပြုမှု အများဆုံး နည်းလမ်းများ ဖြစ်ပါသည်။ ထို့အပြင် စီတန်းလှည့်လည်ခြင်း/အသံချဲ့စက်အသုံးပြုခြင်း(၂၇%)၊ တစ်အိမ်တက်ဆင်းစည်းရုံးခြင်း (၂၀%)နှင့် လူမှုကွန်ရက်မှတဆင့် မဲဆွယ်စည်းရုံးခြင်း (၁၂ %) ဟုလည်းဖြေဆိုကြပါသည်။

- အခြားနည်းပညာများဖြစ်သည့် အီးမေးလ်များပို့ခြင်း၊ SMS ပို့ခြင်း၊ ဖုန်းခေါ်ခြင်းနှင့် Viber အသုံးပြုခြင်း စသည်တို့ကိုအသုံးပြုသူမှာ အလွန်နည်းပါးပြီး (၁%) အောက်သာတွေ့ရပါသည်။ ထို့ပြင် မီဒီယာများနှင့် အင်တာဗျူးခြင်းနည်းကို အသုံးပြုမှုမှာအလွန်နည်းပါးပြီး (၁%) အောက်တွင်သာတွေ့ရှိရပါသည်။

**စုဝေးဟောပြောပွဲများ ကျင်းပပြုလုပ်သည့်နေရာ**

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ စောင့်ကြည့်လေ့လာသူများက သီတင်း ၅ ပတ်အတွင်း ရပ်ကွက်များ (မြို့ပြ) တွင် ပြုလုပ်ခဲ့သည့် စုဝေးဟောပြောမှု ၆၁ ခု နှင့် ကျေးရွာများ (ကျေးလက်) တွင် ပြုလုပ်ခဲ့သည့် စုဝေးဟောပြောမှု ၈၉ ခု စုစုပေါင်း ၁၅၀ ခုကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

- စောင့်ကြည့်လေ့လာခဲ့သည့် စုဝေးဟောပြောပွဲများအနက် အများစုမှာ ပန်းခြံ/ဈေးစသည့် အများနှင့်သက်ဆိုင်သောနေရာများ (၃၅%)၊ ကိုယ်ပိုင်ရုံးခန်း/နေအိမ်များ (၃၀%)၊ ဘာသာရေးနှင့် သက်ဆိုင်သည့်နေရာများ (၁၇%) နှင့် ပါတီရုံးများ (၇%) တွင် ပြုလုပ်ကြသည်ကိုတွေ့ရသည်။ အားကစားရုံ/ကွင်းများတွင် ပြုလုပ်သည်ကို (၂%) သာတွေ့ရှိရပြီး အစိုးရပိုင်နေရာ/ အဆောက်အဦ များတွင်လည်း (၃ %) သာတွေ့ ရသည်။
- ပါတီငယ်/တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက အများနှင့်သက်ဆိုင်သောနေရာများ (ပန်းခြံ၊ ဈေး စသဖြင့်) ကို USDP၊ NLD နှင့် အခြားပါတီကြီးများထက် ပို၍ အသုံးများပါသည်။
- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲများတွင် "အခြားပါတီကြီး" က USDP ၊ NLD နှင့် ပါတီငယ်/ တစ်သီးပုဂ္ဂလများထက် ဘာသာရေးနှင့် ဆိုင်သည့်နေရာများကို ပို၍အသုံးများသည်ကိုတွေ့ရသည်။

**စုဝေးဟောပြောပွဲတွင် ပါဝင်ဟောပြောသည့်ပုဂ္ဂိုလ်**

- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောမှုများ၏ ၉၃% တွင် ကိုယ်စားလှယ်လောင်းများကိုယ်တိုင် ဟောပြောသည်ကိုတွေ့ရပြီး ၄၂% တွင် ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ/ မဲဆွယ်စည်းရုံးရေး တာဝန်ခံများ၊ ၄၁% တွင် ပါတီခေါင်းဆောင်များ နှင့် ၈% တွင် ထင်ရှားကျော်ကြားသူများ ပါဝင်ဟောပြောကြသည်ကိုတွေ့ရသည်။ ရပ်ရွာခေါင်းဆောင် ၃ % ခန့်နှင့် ဒေသအာဏာပိုင် ၁ % သာ ပါဝင်ဟောပြောကြသည်ကိုတွေ့ရပြီး၊ ဘာသာရေးခေါင်းဆောင် ၁% အောက်သာ ပါဝင်ပါသည်။

**စုဝေးဟောပြောပွဲများတွင်ဝေငှခဲ့သော ပစ္စည်းများ**

- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲအများစုတွင် ကိုယ်စားလှယ်လောင်းများက တရားဝင်ပုံနှိပ်ထားသည့် စာရွက်စာတမ်းဝေငှမှုများ (၈၇%) ကို အများဆုံးတွေ့ရသည်။ အစားအသောက် (၁၉%) နှင့် ပါတီ အထိမ်းအမှတ်ပစ္စည်းများ (၁၉%) စသည့် ပစ္စည်းများဝေငှသည်ကိုလည်း တွေ့ရသည်။ မည်သည့်ပစ္စည်းမှ ဝေငှခြင်းမရှိသည့် စုဝေးဟောပြောပွဲ (၆%) ခန့်သာရှိသည်ကို တွေ့ရသည်။ စောင့်ကြည့်လေ့လာခဲ့သော ပါတီအမျိုးအစား ၄ မျိုးလုံးတွင် ရာခိုင်နှုန်းအားဖြင့် ဝေငှခဲ့သော ပစ္စည်းအမျိုးအစားများ ကွာဟမှု သိပ်မရှိပါ။ အစားအစာဝေငှခဲ့မှုများတွင် NLD ပါတီက အများဆုံးဖြစ်ပြီး USDP ပါတီနှင့် အခြားပါတီကြီးတို့က ဒုတိယအများဆုံးဖြစ်ကြပါသည်။

**ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်ပြောဆိုမှု၊ လှုံ့ဆော်မှုများ**

မဲဆွယ်စည်းရုံးရေး စုဝေးဟောပြောပွဲများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်လှုံ့ဆော်သည့် ဟောပြောမှုများပြုလုပ်ခြင်း ရှိ/မရှိကိုလည်း စောင့်ကြည့်လေ့လာခဲ့ပါသည်။ သို့သော်လည်း စုဝေးဟောပြောပွဲပြင်ပတွင် ပြောဆိုမှုများနှင့် အခြားသောပါတီ ထောက်ခံသူ/ခေါင်းဆောင်များ၏ ပြောဆိုမှုများကို စောင့်ကြည့်လေ့လာခြင်း မပြုလုပ်ခဲ့ပါ။

- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲများတွင် မည်သည့်ကိုယ်စားလှယ်လောင်းကမှ အခြားကိုယ်စားလှယ်လောင်းများကို ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်ပြောဆိုမှုများနှင့် လှုံ့ဆော်မှုများ ပြုလုပ်သည်ကို မတွေ့ရပါ။
- သို့သော် စုဝေးဟောပြောပွဲ ၆ ခု တွင်မူ လူမျိုးရေး (သို့) ဘာသာ (သို့) ကျား/မ တို့နှင့် ပတ်သက်၍ ပုတ်ခတ်ပြောဆိုမှုများနှင့် လှုံ့ဆော်မှုများရှိသည်ကို တွေ့ရှိရပါသည်။ ပါတီအမျိုးအစား ၄ မျိုးလုံးတွင် အဆိုပါပုတ်ခတ်ပြောဆိုမှုများရှိပြီး ပုတ်ခတ်ပြောဆိုမှု ၆ ခုအနက် ၃ ခုကို အခြားပါတီကြီးအမျိုးအစားမှ ပြောဆိုခဲ့သည်။

**ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရမှု**

ကာလရှည်စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်း ၄၃ ဦးကိုငင်းတို့အနေဖြင့် ပြဿနာများနှင့် တွေ့ကြုံရခြင်း ရှိ/မရှိ ကိုလည်း မေးမြန်းခဲ့ရာတွင် ကိုယ်စားလှယ်လောင်းအများစုအနေဖြင့် မည်သည့်ပြဿနာမှ ကြုံတွေ့ခဲ့ရခြင်းမရှိသော်လည်း အချို့ကိုယ်စားလှယ်လောင်း အနည်းငယ်တို့တွင် ပြဿနာအချို့ ကြုံတွေ့ခဲ့သည်။

- ဖြေဆိုသူကိုယ်စားလှယ်လောင်းများ၏ ၂% က ၎င်းတို့အနေဖြင့် ပြီးခဲ့သောအပတ်တွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများတွင် နှောင့်ယှက်ခံရမှု ရှိသည်ဟု ပြောဆိုပါသည်။
- ပိုင်ဆိုင်မှု သို့မဟုတ် မဲဆွယ်စည်းရုံးရေး ပစ္စည်းများ ဖျက်ဆီးခံရခြင်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်း ၁% အောက်က ရှိပါသည်ဟု ဖြေဆိုသည်။
- မိသားစု သို့မဟုတ် မိတ်ဆွေများနှင့် ပြဿနာဖြစ်ခြင်း ရှိမရှိနှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်းအနည်းငယ်ကသာ ရှိပါသည်ဟုဖြေဆိုပြီး မိသားစုနှင့်ပတ်သက်၍ ၁ ကြိမ် နှင့် မိတ်ဆွေများနှင့် ပတ်သက်၍ ၂ ကြိမ် ဖြေဆိုထားပါသည်။
- အလုပ်အကိုင် စီးပွားရေးလုပ်ငန်းတွေမှာ ပြသနာဖြစ်ခြင်း ရှိမရှိနှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်း ၁% အောက် ကသာ ရှိပါသည်ဟုဖြေဆိုသည်။
- လူထုဟောပြောပွဲနှင့် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး အချိန် သို့မဟုတ် ရက် အပြောင်းအလဲ လုပ်ရန် တောင်းဆိုခံရမှုနှင့် ပတ်သက်၍ ၃% က ရှိပါသည်ဟုဖြေဆိုသည်။
- လူထုဟောပြောပွဲနှင့် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး နေရာ အပြောင်းအလဲလုပ်ရန် တောင်းဆိုခံရမှုနှင့် ပတ်သက်၍ ၂ % က ရှိပါသည်ဟုဖြေဆိုသည်။ ထိုအပြောင်းအလဲလုပ်ရန် တောင်းဆိုမှုများအားလုံးသည် ရသေ့တောင်မြို့နယ် (ရခိုင်ပြည်နယ်) နှင့် တမူးမြို့နယ် (စစ်ကိုင်းတိုင်းဒေသကြီး) တို့တွင် ဖြစ်ပွားခဲ့ပြီး ပါတီအမျိုးအစား ၄ မျိုးလုံးအပေါ် သက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။
- မဲဆွယ်စည်းရုံးရေးနဲ့ ပတ်သက်ပြီး အခြားပြဿနာ ကြုံတွေ့ခဲ့ရမှုနှင့် ပတ်သက်၍လည်း ၂% က ရှိပါသည် ဟုဖြေဆိုသည်။
- အထက်ပါ ကြုံတွေ့ခဲ့ရတဲ့ပြဿနာတွေနဲ့ပတ်သက်ပြီး စာရေးသားပြီး စောဒကတက်မှုများ ရှိပါသလားဟု ထပ်ဆင့်မေးမြန်းရာတွင် ၃% ခန့်က စာရေးသားပြီး စောဒကတက်မှု လုပ်ပါသည်ဟုဖြေဆိုပါသည်။

**မဲဆွယ်စည်းရုံးရေး/လူထုဟောပြောပွဲများနှင့် ပတ်သက်သည့် တိုင်ကြားမှုများ**

စောင့်ကြည့်လေ့လာသူများသည် စောင့်ကြည့်လေ့လာသည့် လစ်လပ်မဲဆန္ဒနယ် ၁၂ ခု၏ မြို့နယ်အသီးသီးမှ ကော်မရှင်အဖွဲ့ခွဲများကိုလည်း မဲဆွယ်စည်းရုံးရေး/လူထုဟောပြောပွဲများနှင့် ပတ်သက်သည့်တိုင်ကြားမှုများ မည်ရွေ့မည်ပုံရှိသည်ကိုလည်း အပတ်စဉ်တွေ့ဆုံမေးမြန်းခဲ့ရာ တိုင်ကြားမှု အရေအတွက်၊ တိုင်ကြားသည့်ပါတီ အမျိုးအစားနှင့် တိုင်ကြားခံရသည့် လူအမျိုးအစားများကို ဇယား (၄) အတိုင်း တွေ့ရပါသည်။ ပါတီတိုင်ကြားမှုနှင့် ပတ်သက်၍ မသိပါ (သို့) ဖြေဆိုရန်ငြင်းဆန်ခဲ့သည့် အကြိမ်အနည်းငယ် ၇ ကြိမ်ရှိခဲ့ပါသည်။

| တိုင်ကြားသူ | တိုင်ကြားမှု အရေအတွက် | တိုင်ကြားခံရသူ |
|---|---|---|
| USDP | ၁ ခု | NLD |
| NLD | ၁ ခု | တိုင်ကြားခံရသူကိုမသိပါ |
| အခြားပါတီကြီး | မရှိပါ | |
| တစ်သီးပုဂ္ဂလကိုယ်စား လှယ်လောင်းများ | ၁ ခု | ကျေးရွာအုပ်ချုပ်ရေးမှူး |

ဇယား (၄) တိုင်ကြားသူ နှင့် တိုင်ကြားခံရသူများ

ပါတီ ၂ ပါတီ နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦးတို့မှ မဲဆွယ်စည်းရုံးရေး သီတင်း ၅ ပတ်အတွင်း တိုင်ကြားခဲ့သည့် အကြောင်းအရာများကို ဆက်လက်မေးမြန်းရာ ဇယား (၅) အတိုင်းတွေ့ရသည်။

| တိုင်ကြားသူ | တိုင်ကြားရသည့်အကြောင်းအရာများ |
|---|---|
| USDP | • နိုင်ငံတော်သမ္မတ နှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ရုပ်ပုံများအသုံးပြုခြင်း<br>• မဲဆွယ်စည်းရုံးရေးပစ္စည်းများဖျက်စီးခံရခြင်း |
| NLD | • မဲဆွယ်စည်းရုံးရေးပစ္စည်းများဖျက်စီးခံရခြင်း |
| တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ | • အစိုးရ၏ အရင်းအမြစ်များ အသုံးပြုခြင်း<br>• ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်မှုများ |

ဇယား (၅) တိုင်ကြားခဲ့သည့်အကြောင်းအရာများ

**အမျိုးသမီးမဲဆန္ဒရှင်များအတွက် အသိပညာပေးလှုံ့ဆော်ခြင်း**

စောင့်ကြည့်လေ့လာသူများက မဲဆန္ဒရှင်အသိပညာပေးလှုံ့ဆော်ခြင်းနှင့် ပတ်သက်၍ အမျိုးသမီးများအတွက် သီးသန့် အစီအစဉ်ဆွဲပြီး အသိပညာပေး လှုံ့ဆော်မှုများ ပြုလုပ်ခြင်းရှိမရှိကို ကော်မရှင်အဖွဲ့ခွဲများနှင့် ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

- မတူပီမြို့နယ် (ချင်းပြည်နယ်) နှင့် တမူးမြို့နယ် (စစ်ကိုင်းတိုင်းဒေသကြီး) ကော်မရှင်အဖွဲ့ခွဲနှစ်ခုက ကော်မရှင်အနေဖြင့် အမျိုးသမီးများမဲလာ ပေးရန်သီးသန့် အစီအစဉ်ဆွဲပြီး အသိပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ပါသည်ဟု ပြောဆိုပါသည်။ သို့သော် ကျန်ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးများ မဲလာပေးရန် သီးသန့် အစီအစဉ်ဆွဲပြီး အသိပညာပေးလှုံ့ဆော်မှုများကို မပြုလုပ်ခဲ့ပါဟု ဖြေဆိုသည်။
- ကိုယ်စားလှယ်လောင်းများကို မေးမြန်းရာတွင်လည်း တွေ့ဆုံမေးမြန်းခဲ့သောကိုယ်စားလှယ်လောင်းများ၏ ၇% ခန့်ကသာ အမျိုးသမီးများ မဲလာပေးရန် သီးသန့် အစီအစဉ်ဆွဲပြီး အသိပညာပေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ပါသည်ဟု ပြောဆိုပါသည်။

## အကြံပြုချက်များ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

- ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲပေးသူရာခိုင်နှုန်းမှာ ၃၄ ရာခိုင်နှုန်းသာရှိခဲ့သည်ဟု ကော်မရှင်၏ စာရင်းများအရ သိရှိရသဖြင့် ယခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးသူဦးရေ ပိုမိုမြင့်တက်လာအောင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများနှင့် ဆော်သြမှုများကို ပိုမို ဆောင်ရွက်သွားရန် တိုက်တွန်းပါသည်။

**နိုင်ငံရေးပါတီများ**

- နိုင်ငံရေးပါတီများ အနေဖြင့် မဲဆွယ်စည်းရုံးရေးကာလကျင့်ဝတ်များကို မဲဆွယ်စည်းရုံးရေးကာလ နောက်ဆုံးရက်အထိ လိုက်နာကျင့်သုံးသွား ကြရန် တိုက်တွန်းပါသည်။
- မဲဆွယ်စည်းရုံးရေးကာလ အငြင်းပွားမှုများနှင့် ရွေးကောက်ပွဲအလွန်ကာလ အငြင်းပွားမှုများကို လျော့ချနိုင်ရန် နိုင်ငံရေး ပါတီများ အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ပြည်နယ်/တိုင်းဒေသကြီးများရှိ စေ့စပ်ညှိနှိုင်းရေး ကော်မတီများ ပိုမိုအားကောင်း အသက်ဝင်လာအောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။

## စောင့်ကြည့်လေ့လာသည့် နည်းစနစ်

စက်တင်ဘာလ ၃ ရက်မှ အောက်တိုဘာလ ၇ ရက်နေ့အတွင်း PACEနှင့် ဖန်တီးအိမ် အဖွဲ့တို့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ မြို့နယ်တွင်းရှိ အခြားပါတီကြီး[2] နှင့် ပါတီငယ်/ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း[3] များကို တွေ့ဆုံမေးမြန်းမှုပေါင်း ၂၁၄ ခုပြုလုပ်ခဲ့ပါသည်။ PACEနှင့် ဖန်တီးအိမ် အဖွဲ့တို့၏ ကာလရှည် စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုလုပ်ငန်းများ နှင့် ပတ်သက်ပြီး ရင်ဆိုင်တွေ့ကြုံရသည့် အခြေအနေများကို အပတ်စဉ်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

တဆက်တည်းမှာပင် PACEနှင့် ဖန်တီးအိမ် အဖွဲ့တို့က အထက်ပါ ပါတီအမျိုးအစားလေးမျိုးမှ ကိုယ်စားလှယ်များ၏ စုဝေးဟောပြောမှု ၁၅၁ ခုကိုလည်း စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ သို့သော် မဲဆွယ်စည်းရုံးမှုနှင့် တိုက်ရိုက်ပတ်သက်မှု မရှိသည့် ပါတီတွင်း အစည်းအဝေးများနှင့် ကိုယ်စားလှယ်လောင်းနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့်သူများ၏ ဟောပြောမှုများကို စောင့်ကြည့်လေ့လာခဲ့ခြင်း မရှိပါ။ ထို့အပြင် အလွန်ဝေးလံသည့်ဒေသရှိ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကိုမူ PACEနှင့် ဖန်တီးအိမ်အဖွဲ့တို့မှ စောင့်ကြည့်လေ့လာနိုင်ခြင်းမရှိပါ။

အဓိကအားဖြင့် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သည့် လစ်လပ်မဲဆန္ဒနယ် ၁၂ ခုတွင် အဆိုပါ တွေ့ဆုံမေးမြန်းမှုများနှင့် စုဝေးဟောပြောမှု စောင့်ကြည့်လေ့လာခြင်းကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းမှုများနှင့် စုဝေးဟောပြောမှု စောင့်ကြည့်လေ့လာမှုများအပြင် ကာလရှည်စောင့်ကြည့်လေ့လာသူများသည် မဲဆန္ဒရှင်များနှင့် ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်များကိုလည်း တွေ့ဆုံမေးမြန်းမှုများကိုပြုလုပ်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံမေးမြန်းမှုမှ တွေ့ရှိချက်များကို နောင်တွင် ထုတ်ဝေမည့် အပြီးသတ် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်သည်။

PACE နှင့် ဖန်တီးအိမ်အဖွဲ့၏ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာမှု နည်းစနစ်သည် မဲဆွယ်စည်းရုံးရေးကာလတစ်ခုလုံး၏ အနေအထားတစ်ခုလုံးကို ခြုံငုံသုံးသပ်နိုင်ရန် ပြင်ဆင်စီမံထားသည့် နည်းစနစ်ဖြစ်သည်။ ထို့ကြောင့် သတင်းမီဒီယာများက ဖော်ပြလျက်ရှိသော ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ (သို့) လွှတ်တော်တစ်ခုချင်းစီ (သို့) ဖြစ်ရပ်တစ်ခုချင်းစီကို သီးသန့်အာရုံစိုက် စောင့်ကြည့်လေ့လာမှုများ မပြုလုပ်နိုင်ချေ။

### စောင့်ကြည့်လေ့လာသည့်ကာလ

ရက်သတ္တပတ် ၅ ပတ် မဲဆွယ်စည်းရုံးရေး ကာလ။ ၂၀၁၈ စက်တင်ဘာလ ၃ ရက်မှ အောက်တိုဘာ ၇ ရက်

### ကာလရှည်စောင့်ကြည့်လေ့လာသူများ

ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦးလုံးကို စက်တင်ဘာလဆန်းတွင် ရန်ကုန်မြို့၌ ၂ ရက်တာ သင်တန်းများ ပို့ချခဲ့ပါသည်။ အဓိကအားဖြင့် ဘက်မလိုက်မှုဆိုင်ရာ ကျင့်ဝတ်များ၊ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ပုံ၊ စုဝေးဟောပြောမှုကို စောင့်ကြည့်လေ့လာပုံ နည်းစနစ်နှင့် စောင့်ကြည့်လေ့လာမှု ပုံစံများဖြည့်စွက်ပုံစသည်တို့ကို သင်ကြားပို့ချခဲ့ပါသည်။ အဆိုပါ ကာလရှည်စောင့်ကြည့်လေ့လာသူများအတွက်လည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံတွင် စောင့်ကြည့်လေ့လာသူသက်သေခံကတ်ပြားများကို ထုတ်ယူခဲ့ပြီးဖြစ်သည်။

### ကျေးဇူးတင်လွှာ

ပဏာမဦးစွာ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးရေးကာလကိုစောင့်ကြည့်လေ့လာခဲ့သည် ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို ကျေးဇူးအထူးတင်ရှိကြောင်းဖော်ပြလိုပါသည်။ ဤစစ်တမ်းကောက်ယူမှုတွင် ငွေကြေးနှင့် နည်းပညာအထောက်အပံ့များ ကူညီပေးခဲ့သည့် UK Department for International Development (DFID) ၊ National Democratic Institute (NDI)၊ Norwegian People's Aid (NPA) နှင့် National Endowment for Democracy (NED) တို့ကိုလည်း ယင်းအထောက်အပံ့တို့အတွက် ကျေးဇူးဥပကာယ တင်ရှိပါသည်။

---

[2] မြို့နယ်အခြေအနေအလိုက် တစ်ခါတစ်ရံ "အခြားပါတီကြီး" မှာ တစ်နိုင်ငံလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီဖြစ်နိုင်ပြီး၊ အချို့မြို့နယ်များတွင် ပြည်နယ်/တိုင်းဒေသကြီး အခြေစိုက်ပါတီများလည်းဖြစ်တတ်ပါသည်။

[3] ပါတီငယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများမှာ ပါတီကြီးများ၏ ဖွဲ့စည်းမှုနှင့် ပုံသဏ္ဍာန်မရှိကြသဖြင့် လေ့လာဆန်းစစ်ရာတွင် လွယ်ကူစေရန် အမျိုးအစားတစ်ခုတည်းအဖြစ် သတ်မှတ်ထားပါသည်။

**ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ အကြောင်း**

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections - PACE) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသည့် အစိုးရ မဟုတ်သော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု နှင့် နိုင်ငံသားများ အားလုံးပါဝင်ခွင့် ပိုမိုတိုးတက်မြင့်မားလာစေရန် နိုင်ငံသားအခွင့်အရေးအသိပညာပေးခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် ရွေးကောက်ပွဲ ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါသည်။

**ဖန်တီးအိမ်အကြောင်း**

ဖန်တီးအိမ်အဖွဲ့ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံသားအသိပညာပေးခြင်း နှင့် ရွေးကောက်ပွဲ ပညာပေးခြင်း လုပ်ငန်းများကို ပံ့ပိုးကူညီ ပေးခဲ့သည်။ ဖန်တီးအိမ်သည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီတွင်းရှိ အလားအလာရှိသော အမျိုးသမီးများအား ခေါင်းဆောင် မှု စွမ်းရည်မြှင့် သင်တန်းများပေးခြင်းဖြင့် လည်းကောင်း၊ ကျား မ တန်းတူညီမျှရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လစဉ်စကားဝိုင်းများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း လွှတ်တော်များ နှင့် နိုင်ငံရေးပါတီများအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှု သဘောတရားများ တိုးပွားလာအောင် လုပ်ဆောင်ခဲ့ပါသည်။

**ဆက်သွယ်ရန်**

ခင်ငြိမ်းချမ်း ၀၉ ၂၅၁၄၃ ၀၁၃၄၊ khinnyeinchan@pacemyanmar.org၊

အမှတ် ၁၄၊ စံရိပ်ငြိမ် ၅ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်

www.pacemyanmar.org